ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

# အိန္ဒိယ–မြန်မာ–ဘင်္ဂလားဒေ့ချ်နယ်စပ်တလျှောက် နအဖအာဏာပိုင်များမှ ချုပ်ချယ်ကန့်သတ်ထားမှုများနှင့် ပတ်သက်၍ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၏ သဘောထားထုတ်ပြန်ချက်

နအဖစစ်အာဏာပိုင်များမှ ကုလားတန်မြစ်ကြောင်းအထက်ပိုင်းတလျှောက် ရေလမ်းကုန်သွယ်သွားလာခွင့်အား လွန်ခဲ့သည့် နိုဝင်ဘာလလယ်မှစ၍ပိတ်ထားလိုက်သဖြင့် ကုလားတန်မြစ်ကြောင်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အတွင်းသို့ ကုန်ပစ္စည်းများရောင်းဝယ်ဖောက်ကားကာ အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ဒေသခံပြည်သူများ ၄င်းတို့၏စားဝတ်နေရေးအတွက် အလွန်ပင်ဒုက္ခရောက်နေကြရသည်။

ထို့အပြင် မြောက်ဦးမြို့နယ် လေးမြို့မြစ်ဖျားပိုင်းဒေသ၊ ကျောက်တော်မြို့နယ် ပီချောင်းအထက်ပိုင်း၊ ဘူးသီးတောင်မြို့နယ် စိုင်းတင်ချောင်းဖျားပိုင်း နယ်စပ်ကျေးရွာများမှ ပြည်သူများ ညအိပ်တောသို့သွား၍ အလုပ်လုပ်ပိုင်ခွင့်များအား ဒေသခံနအဖစစ်တပ်များမှ လွန်ခဲ့သည့် ၂၀၀၆ ခု၊ အောက်တိုဘာလ(၂၃)ရက်နေ့မှစ၍ ပိတ်ပင်ထားခဲ့သဖြင့် တောင်ယာလုပ်ငန်းနှင့်သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်းများဖြင့် အသက်မွေးနေကြရသည့် ဒေသခံရခိုင်ပြည်သူများ အလွန်ပင် ဒုက္ခရောက်နေကြရသည်။

နအဖအာဏာပိုင်များမှ ယခုကဲ့သို့ ရခိုင်ပြည်သူများ၏ လွတ်လပ်စွာသွားလာခွင့်နှင့် သက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာအလုပ်လုပ်ပိုင်ခွင့်များအား ပိတ်ပင်ထားမှုသည် အခြေခံလူ့အခွင့်အရေးများအား ပြောင်ကျကျချိုးဖောက်ရာကျသည့်အပြင် လူသားတယောက်၏ အသက်ရှင်ရပ်တည်ခွင့်များကို ခြိမ်းခြောက်ရာကျသည့်အတွက် နအဖအာဏာပိုင်များ၏ ယခုကဲ့သို့ ရခိုင်ပြည်သူများအပေါ် နည်းမျိုးစုံဖြင့်ချုပ်ချယ်ကန့်သတ်ပိတ်ပင်ထားမှုများအား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)
ရခိုင်ပြည်

ရက်စွဲ။ ။ နိုဝင်ဘာလ (၂၉)ရက်၊ ၂၀၀၆ ခု။

ပိုမိုသိလိုပါက– (alpinfo_office@yahoo.com)
(+880 1714 220286)